# ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ဘုရား၊ ပုထိုး၊ စေတီများကို ပြည်သူများ ပြန်လည်ဖူးမြော်ခွင့်ပြုနိုင်ရေး လုပ်ငန်းလမ်းညွှန်



**Version 2.0**

နေ့စွဲ - ၅.၂.၂၀၂၁

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၂ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ဆောင်ရွက်မည့်လုပ်ငန်းများ | ၂ |
| ၃(က)။ | ဘုရား၊ပုထိုး၊စေတီဂေါပကအဖွဲ့များကတာဝန်ယူဆောင်ရွက်ရမည့်အချက်များ | ၃ |
| ၃(ခ)။ | ဘုရားဖူးပြည်သူများအနေဖြင့်လိုက်နာဆောင်ရွက်ရမည့်အချက်များ | ၉ |
| ၄။ | ပုဂံ-ညောင်ဦးဒေသဟောင်းနယ်မြေများရှိဘုရား၊ပုထိုး၊စေတီများဖူးမြော်ခြင်း နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အချက်များ | ၁၁ |
| ၅။ | အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ စဉ်ဆက်မပြတ်ဆန်းစစ်ကြီးကြပ်ခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း | ၁၃ |
| ၆။ | အချိန်ကိုက်စနစ်တကျဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း (synchronized coordination) | ၁၃ |
| ၇။ | နိဂုံး | ၁၄ |

## ၁။ နိဒါန်း

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးနယ်မြေရှိ ဘုရား၊ ပုထိုး၊ စေတီများနှင့် မိမိအိမ်တွင်သာနေထိုင်ရေး (Stay at home) သတ်မှတ်ထားခြင်းမရှိသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များရှိ တန်ခိုးကြီး ဘုရား၊ ပုထိုး၊ စေတီများကို နေ့စဉ်နံနက်ပိုင်းတွင် တစ်ကြိမ်၊ နေ့လည်ပိုင်းတွင်တစ်ကြိမ် ဘုရားဖူးပြည်သူများအားလူဦးရေကန့်သတ်ချက်ဖြင့် ပြန်လည်ဖူးမြော်ခွင့်ပြုနိုင်ရန် ဤလုပ်ငန်းလမ်းညွှန်(Version 1.0)ကို (၉-၁၂-၂၀၂၀) ရက်နေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းရေးဆွဲတင်ပြခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း(၂၃-၃-၂၀၂၀)ရက်နေ့မှစ၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စတင်တွေ့ရှိခဲ့ရာ(၇-၁-၂၀၂၁)ရက်နေ့အထိရောဂါပိုးတွေ့သူ (၁၂၈,၇၇၂) ဦး၊ သေဆုံးသူ (၂,၇၉၉) ဦးနှင့် ပြန်လည်ကောင်းမွန်လာသူ (၁၁၂,၀၄၈)ဦး ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြစ်ပွားလျက်ရှိပြီး အဖြစ်အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ ဖြစ်ကြပါသည်။

## ၂။ ရည်ရွယ်ချက်

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း Stay at home သတ်မှတ်ထားခြင်းမရှိသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များရှိ မြို့နယ်များတွင် ထင်ရှားသော ဘုရား၊ ပုထိုး၊ စေတီများကို ဗုဒ္ဓဘာသာဝင်ရဟန်း၊ ရှင်၊ လူ ပြည်သူအများ ဖူးမြော်ကြည်ညိုခွင့်ရရှိစေရန် ဤ Pilot Project (ကနဦးစီမံချက်)ကို ရေးဆွဲတင်ပြခြင်းဖြစ်ပါသည်။

## ၃။ ဆောင်ရွက်မည့်လုပ်ငန်းများ

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အမျိုးသားအဆင့် ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းကာ လမ်းညွှန်ချက်များ၊ ပန်ကြားချက်များ၊ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်လျက်ရှိပြီး Stay at home သတ်မှတ်ထားခြင်း မရှိသော မြို့နယ်များရှိ ထင်ရှားသော ဘုရား၊ ပုထိုး၊ စေတီများကို အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ရရှိရေး အောက်ဖော်ပြပါအတိုင်း စီစဉ်ဆောင်ရွက်သွားပါမည်-

### (က) ဘုရား၊ပုထိုး၊စေတီဂေါပကအဖွဲ့များကတာဝန်ယူဆောင်ရွက်ရမည့်အချက်များ

(၁) ဘုရား၊ ပုထိုး၊ စေတီများကို ပြည်သူများ ပြန်လည်ဖူးမြော်ခွင့်ပြုရာတွင် အဆင်ပြေ ချောမွေ့စေရေးအတွက်သက်ဆိုင်ရာမြို့နယ်သာသနာရေးမှူး (အဖွဲ့ခေါင်းဆောင်)၊ ဂေါပကဥက္ကဋ္ဌ(အတွင်းရေးမှူး) ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အဖွဲ့ဝင်)၊ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူး

(အဖွဲ့ဝင်)၊ ဂေါပကအဖွဲ့ဝင်များ(အဖွဲ့ဝင်)ပါဝင်သော မြို့နယ်အလိုက်ကော်မတီအဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်သွားရပါမည်၊

(၂) ဘုရား၊ ပုထိုး၊ စေတီများတွင် တာဝန်ထမ်းဆောင်နေသည့် ဂေါပကအဖွဲ့များအပြင် လိုအပ်ပါက ကျန်းမာရေးစစ်ဆေးရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များအား တာဝန်ချထားရပါမည်၊

(၃) ဆက်သွယ်ရမည့် သက်ဆိုင်ရာကျန်းမာရေးဌာနများ၏ ဖုန်းနံပါတ်များအား ဂေါပကရုံးခန်းတွင် အသင့်ပြုစုထားရပါမည်၊

(၄) မြို့နယ်များအလိုက် ဖူးမြော်ခွင့်ပြုထားသည့် ဘုရား၊ ပုထိုး၊ စေတီများတွင် လိုအပ်ပါက အခြားကိစ္စရပ်များဆောင်ရွက်နိုင်ရေး ရပ်ရွာအခြေပြုလူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ထားရပါမည်၊

(၅) ဘုရား၊ ပုထိုး၊ စေတီများအား ဖူးမြော်ခွင့်စတင်ဖွင့်လှစ်ခြင်းမပြုမီ မြို့နယ်အလိုက် ဖွဲ့စည်းထားသောကော်မတီများမှ ကျန်းမာရေးနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ ကြိုတင်စစ်ဆေးခြင်းနှင့် (၂)ပတ်လျှင် တစ်ကြိမ် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရပါမည်၊

(၆) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်ကို နံနက်ပိုင်းတွင် ၀၆:၀၀ နာရီအချိန် မှ ၁၀:၀၀ နာရီအချိန်ထိလည်းကောင်း၊ ညနေပိုင်းတွင် ၁၅:၀၀ နာရီအချိန် မှ ၁၈:၀၀ နာရီအချိန်ထိ ကန့်သတ်ခွင့်ပြုရမည်၊

(၇) ဘုရား၊ ပုထိုး၊ စေတီများသို့ ဝင်ရောက်ရန်ခွင့်ပြုမည့် လူဦးရေအရေအတွက်ကို သတ်မှတ်ရာတွင် ဘုရားပရဝုဏ် (သို့မဟုတ်) ရင်ပြင်တော်၏အကျယ်အဝန်းအနီး စပ်ဆုံးဧရိယာစတုရန်းပေကို (၃၆)ဖြင့်စား၍ ရရှိသည့်အရေအတွက်ကို ဘုရားဖူး ခွင့်ပြုသည့်အချိန်တစ်ကြိမ်တွင် အများဆုံးခွင့်ပြုရမည့်အရေအတွက်အဖြစ် ခွင့် ပြုရပါမည်၊ ၎င်းအရေအတွက်ထက်ကျော်လွန်၍ လုံးဝခွင့်မပြုရပါ။

(၈) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ်ဘုရားဖူးရန် (၁)နာရီသာ ခွင့်ပြုမည်ဖြစ်ကြောင်းနှင့်လူဦးရေကန့်သတ်ချက်ကျော်လွန်၍သော်လည်းကောင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေစနစ်တကျတပ်ဆင်ထားခြင်း မရှိလျှင်သော်လည်းကောင်း ဘုရားဖူးခွင့်မပြုကြောင်းနှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနည်းလမ်းများကို အဝင်မုခ်ဦး၊ ပရိဝုဏ်အတွင်းနှင့် မြင်သာသောနေရာများတွင် ဗီနိုင်းဆိုင်းဘုတ်များဖြင့် ချိတ်ဆွဲထားရှိရမည်၊

(၉) စောင်းတန်း (၄)သွယ်ရှိပါက စောင်းတန်း(၂)သွယ်သာအသုံးပြုခွင့်ပြုရမည်၊

(၁၀) တက်ရောက်ခွင့်ပြုသည့် စောင်းတန်း(၂)သွယ်အနက် အဝင်စောင်းတန်းတစ်ခု နှင့် အထွက်စောင်းတန်းတစ်ခု သတ်မှတ်ပေးထားရမည်၊

(၁၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F/ ၃၈°C ထက်ကျော်လွန်သူများ)၊ ချောင်းဆိုး ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံး ခြင်းစသည့် ကိုဗစ်-၁၉ရောဂါသံသယလက္ခဏာရှိသူများကို ဘုရားဖူးလာရောက် ခွင့်မပြုရ ပါ။ ထိုသို့လာရောက်ခွင့်မပြုကြောင်းကိုလည်း online မှတစ်ဆင့် ဘုရားဖူးခွင့် ကို registeration ပြုလုပ်ရမည့် ဘုရား၊ ပုထိုး၊ စေတီများ၏ အင်တာနက် စာမျက်နှာ (သို့မဟုတ်) လူမှုကွန်ယက်စာမျက်နှာတွင် ကြိုတင်၍ကြေညာခြင်း (သို့မဟုတ်) အခြားနည်းလမ်းများအသုံးပြု၍ကြိုတင်ကြေညာထားရမည်၊

(၁၂) ဘုရားဖူးပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်း(Mask)များ တပ်ဆင်ထားသူ များကိုသာ စေတီတော်ရင်ပြင်သို့ တက်ရောက်ဖူးမြော်ခွင့်ပြုရမည်၊ တတ်နိုင်သ ရွေ့ အသက်(၆၀)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ၊ နာတာရှည် ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)ကို တွဲဖက်တပ်ဆင် ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားပေးရမည်၊

(၁၃) ဘုရား၊ ပုထိုး၊ စေတီများသို့ လာရောက်ဖူးမြော်သည့် ရဟန်း၊ သံဃာ၊ ပြည်သူ များ Mask များ မပါရှိပါက အခမဲ့ဖြန့်ဝေနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက် ထားရပါမည်။ (သို့မဟုတ်) ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield) နှင့် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer) များကို ဘုရားဖူးပြည်သူများ အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက်စီစဉ်ထားရှိရမည်၊

(၁၄) ဘုရား၊ ပုထိုး၊ စေတီများ ၏ဝင်ပေါက် (သို့မဟုတ်) စောင်းတန်းအဝင်ဝတွင် Non-contact thermometer (သို့မဟုတ်) Thermal Scanner အသုံးပြု၍ ခန္ဓာ ကိုယ်အပူချိန်တိုင်းတာနိုင်ရန်စီစဉ်ထားရပါမည်၊ ခန္ဓာကိုယ်အပူချိန် တိုင်းတာရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 Infrared (Non-touch) အပူချိန်တိုင်းကိရိယာကို အသုံးပြု၍ အပူချိန်တိုင်းတာ ခြင်းလုပ်ငန်းလမ်းညွှန်(၄-၅-၂၀၂၀) (www.mohs.gov.mm) အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်၊

(၁၅) ကိုဗစ်-၁၉ သံသယလူနာတွေ့ရှိပါက ဘုရား၊ ပုထိုး၊ စေတီများ ၏ဝင်ပေါက် (သို့မဟုတ်) စောင်းတန်းအဝင်ဝတွင် သီးခြားနေရာတွင် ခေတ္တနေထိုင်စေ၍ အရေးပေါ်ဆေးကုသမှုခံယူနိုင်ရန် သက်ဆိုင်ရာမြို့နယ်၊ အုပ်ချုပ်ရေးမှူး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ပရဟိတလူမှုရေးအသင်းအဖွဲ့တို့နှင့် ဆက်သွယ်ဆောင်ရွက်ရမည်၊

(၁၆) တန်ခိုးကြီးဘုရားများနှင့် လူဝင်/လူထွက်များသောဘုရားများတွင် ဘုရားဖူးလာရောက်ခွင့်ကို online registration ကြိုတင်ပြုလုပ်ထားရန် (သို့မဟုတ်) online မှ register ကြိုတင်ပြုလုပ်မထားနိုင်သူ ဘုရားဖူးများအား register စာအုပ်တွင် မှတ်တမ်းတင်ထားရှိနိုင်ရန် အဝင်စောင်းတန်းမုခ်ဦး၌ (၃)ယောက်ထက်မပိုသောဂေါပကဝန်ထမ်းများကို ဆောင်ရွက်စေရမည်၊

(၁၇) ဂေါပကဝန်ထမ်းများ၊ လုံခြုံရေးနှင့်သန့်ရှင်းရေးဝန်ထမ်းများတာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်ထားသော ခွဲစိတ်ခန်းသုံးပါးစပ်နှာခေါင်းစည်း (Surgical Mask), မျက်နှာအကာ (Face Shield) အပြည့်အစုံဝတ်ဆင်ရန်နှင့် လက်သန့်စင်ရေးလုပ်ငန်းစဉ်များအားစနစ်တကျလုပ်ဆောင်ရန်၊ (ပစ္စည်းများကို ကိုင်တွယ်ပြီး တိုင်းဆပ်ပြာနှင့်ရေအသုံးပြု၍အနည်းဆုံးစက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန် (သို့မဟုတ်) အနည်းဆုံးအယ်ကိုဟောလ်(၆၀%) ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည် အသုံးပြု၍ မကြာခဏဆေးကြောသန့်စင်ရန်)၊ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ ခပ်ခွာခွာတာဝန်ထမ်းဆောင်ရန်၊ စားသောက်ချိန်တွင် စုရုံးစားသောက်ခြင်းမပြုရန်...စသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရုံးလုပ်ငန်းဌာနများတွင်ကိုဗစ်-၁၉ရောဂါကာကွယ်ရေး လုပ်ငန်းလမ်းညွှန် (www.mohs.gov. mm) တွင်ပါရှိသည့်အချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်၊

(၁၈) ဘုရားဖူးဝင်ရောက်သူဦးရေကို မှတ်တမ်း(Register)စာအုပ်တွင် ရေးသွင်း၍ ဘုရားဖူးချိန်တစ်ချိန်အတွက် သတ်မှတ်ထားသည့် ဝင်ရောက်ရမည့်သူဦးရေပြည့်ပါက ထပ်မံဝင်ရောက်ခြင်း ကိုခေတ္တရပ်ဆိုင်းထားရပါမည်၊ လူဦးရေများပြား၍ အကြိမ်အရေအတွက်တိုးပြီး ဆောင်ရွက်ရမည်ဆိုပါက တစ်ကြိမ်နှင့်တစ်ကြိမ်ကြား အနည်းဆုံး တစ်နာရီခြား၍ ဆောင်ရွက်သွားရပါမည်၊

(၁၉) ဓါတ်လှေကားများရှိပါက သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကိုသာ Social Distancing ရရှိနိုင်မည့် အနည်းဆုံးလူဦးရေအရေအတွက်ဖြင့် အသုံးပြုခွင့်ပြုရမည်၊ ထိုသို့ ခွင့်ပြုရာတွင် လူဦးရေကန့်သတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းမဆိုင်စေဘဲ ဖြစ်နိုင်သရွေ့ထောင့်တစ်ထောင့်တွင် တစ်ဦးစီသာ စီးနင်းနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရပါမည်၊

(၂၀) စောင်းတန်းများတွင် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ တက်ရောက်ဖူးမြော်နိုင်ရေး နေရာသတ်မှတ်ပေးထားရမည်၊

(၂၁) ဘုရားဖူးချိန်မစမီ နံနက်(၁)ကြိမ်၊ ညနေ(၁)ကြိမ်တိုင်းတွင် ဘုရားဝင်းအတွင်းရှိ ထိတွေ့မှုများသောပစ္စည်းများ၊ မျက်နှာပြင်များ (ဥပမာ- စောင်းတန်း လက်ကိုင်

နေရာများ၊တံခါးလက်ရန်းများ၊ လှေခါးလက်ကိုင်များ၊ ဓာတ်လှေကားခလုပ်များ၊ Wheel chair လက်ကိုင်များ၊ ရေပိုက်ခေါင်းများ၊ အိမ်သာများ... စသည်) ကို ပိုးသတ်ဆေးရည်ဖြင့် မကြာခဏ ပိုးသတ်သန့်စင်ပေးရမည်၊ (ပိုးသတ်သန့်စင်ရာတွင် ကလိုရင်းကို အခြေခံ၍ ထုတ်လုပ်ထားသော ပိုးသတ်သန့်စင်ဆေးရည် (0.1% Sodium Hypochlorite Solution (သို့မဟုတ်) 0.1% Calcium Hypochlorite Solution)နှင့် (70% Ethyl Alcohol)တို့ကို အသုံးပြုနိုင်ပြီး (ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ (၂.၆.၂၀၂၀) ရက်စွဲပါ Coronavirus Disease 2019(COVID–19) ဖြစ်ပွားနေစဉ် ကာလအတွင်း အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ သိကောင်းစရာများ (Version 2.0)၊ (www.mohs.gov.mm)၊ အရဆောင်ရွက်ရမည်)၊

(၂၂) မြို့နယ်များအလိုက် ဖူးမြော်ခွင့်ပြုထားသည့် ဘုရား၊ ပုထိုး၊ စေတီများအတွင်း နေ့စဉ် (၁၇:၀၀) အချိန်နောက်ပိုင်းတွင် ပိုးသတ်ဆေးဖြန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရပါမည်၊

(၂၃) စောင်းတန်း(၂)သွယ်၏ဝင်ပေါက်/ထွက်ပေါက်တွင်မဖြစ်မနေအဖြစ်သော်လည်းကောင်း၊ ဖြစ်နိုင်သရွေ့ဘုရား ရင်ပြင်ပေါ်တွင်သော်လည်းကောင်း လက်သန့်စင်နိုင်ရန် လက်ဆေးဆပ်ပြာနှင့်ဘေစင်များ အလုံအလောက်စီစဉ်ထားရှိရမည်၊ လက်ဆေးဘေစင်တွင်လူအများ စုပြုံနေခြင်းမရှိစေရန် Social Distancing ရရှိနိုင်မည့်(၆)ပေအကွာ အကွက်များချထား၍ လူတစ်ဦးချင်းစီ လက်ဆေးနိုင်ရေး စီစဉ်ထားရမည်၊

(၂၄) မြို့နယ်များအလိုက် ဖူးမြော်ခွင့်ပြုထားသည့် ဘုရား၊ ပုထိုး၊ စေတီများအတွင်း လေအေးစက်များ မဖွင့်ဘဲ လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ပြတင်း ပေါက်များကို ဖွင့်ထားပေးရပါမည်၊

(၂၅) ရင်ပြင်တော်၊ ဇရပ်၊ တန်ဆောင်းများ၌ ဘုရားဖူးပြည်သူများ တစ်ဦးနှင့် တစ်ဦး (၆)ပေအကွာ ဖူးမြော်နိုင်ရေး ထင်ရှားသောအမှတ်အသားပြုလုပ်၍ နေရာသတ်မှတ်ပေးထားရမည်၊

(၂၆) ဘုရားဖူးပြည်သူများ တစ်ဦးနှင့်တစ်ဦး (၆)ပေကြား သတ်မှတ်ထားသောဧရိယာအတွင်း ဖူးမြော်နိုင်ရေးအတွက်ဘုရားဖူးသူအချင်းချင်း အသိပေး/သတိပေးနိုင်ရန်အတွက် စာတန်းများချိတ်ဆွဲထားခြင်း၊ သက်ဆိုင်ရာဂေါပကအဖွဲ့ရုံးဝန်ထမ်းများက ကြပ်မတ်ပေးခြင်းများ ဆောင်ရွက်ရမည်၊

(၂၇) ဘုရားဖူးပြည်သူများ လိုက်နာရမည့် COVID–19 ရောဂါကာကွယ်ရေး ကျန်းမာရေးဆိုင်ရာသတိပေးချက်များကို ဗီနိုင်းဆိုင်းဘုတ်များဖြင့် စောင်းတန်းများတွင်

လာရောက်သူများ၏ မျက်စိအမြင်နှင့် တတန်းတည်းဖြစ်စေနိုင်သောအမြင့်တွင် စနစ်တကျချိတ်ဆွဲထားရှိရမည်၊

(၂၈) သတ်မှတ်ထားသောဘုရားဖူးချိန်တွင် COVID-19 ရောဂါကာကွယ်တားဆီးရေး ဆိုင်ရာအချက်များနှင့် ဘုရားဖူးချိန်သတိပေးချက်များကို နာရီဝက်တစ်ကြိမ် အသံချဲ့စက် (သို့မဟုတ်) လက်ကိုင်အသံချဲ့စက် (Hand Speaker) ဖြင့် နှိုးဆော် တိုက်တွန်း အသိပေး သတိပေးရမည်၊

(၂၉) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင် ရွက်ထားသော စောင်းတန်းဈေးဆိုင်များ၊ ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင် များနှင့် အအေးဆိုင်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ အရေအတွက် ကန့်သတ်၍ ခွင့်ပြုရမည်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး ဈေးရောင်း/ဈေးဝယ်ရာတွင်လိုက်နာရမည့်အချက်များ(ဥပမာ- ဈေးရောင်းချသူများသည် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် မျက်နှာအကာ (Face Shield)များကို မဖြစ်မနေဝတ်ဆင်ခြင်း၊ ဈေးရောင်းသူနှင့်ဝယ်သူအကြား အနည်းဆုံးရှိရမည့် (၆)ပေခန့် အကွာအဝေး သတ်မှတ်ထားခြင်း..စသည်) တို့ကို တိကျစွာလိုက်နာစေရမည်၊ လိုက်နာစေရေး ပညာပေးလမ်းညွှန်မှုများ၊ စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်၊

(၃၀) ဘုရား၊ ပုထိုး၊ စေတီပရဝုဏ်အတွင်း လူစုလူဝေးပြုလုပ်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများကို လုံးဝ မပြုလုပ်ရပါ၊

(၃၁) အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများ စနစ်တကျစွန့်ပစ်နိုင်ရေး အဖုံးပါသောအမှိုက်ပုံးများလုံလောက်စွာထားရှိရမည်၊

(၃၂) ယာဉ်ရပ်နားရာနေရာများကို စနစ်တကျ သတ်မှတ်ပေးရမည်၊ ယာဉ်မောင်းများ ကို သီးခြားစီနေထိုင်စေရန်နှင့် စုရုံးစားသောက်ခြင်း၊ နီးကပ်စွာစကားပြော ခြင်းများ မပြုစေရန် တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ရမည်၊

(၃၃) လူဦးရေကန့်သတ်ချက်ဖြင့် ဝင်ရောက်ခွင့်ပြုရာတွင် ပြင်ပတွင် စောင့်ဆိုင်း နေသူများအနေဖြင့် လူစုလူဝေးမဖြစ်စေရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှထုတ်ပြန်ထားသောရောဂါကာကွယ်ရေးဆိုင်ရာအချက်များနှင့်အညီလိုက် နာဆောင်ရွက်နိုင်ရန်စီမံထားရှိ၍လိုက်နာဆောင်ရွက်မှုရှိ/မရှိကိုစဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရပါမည်။

## (ခ) ဘုရားဖူးပြည်သူများအနေဖြင့်လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F/ ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ။

(၂) ဘုရားဖူးလာရောက်ရာတွင် သာသနာ့ဝင်စိစစ်ရေးကတ် (သို့မဟုတ်) သာသနာနွယ်ဝင်စိစစ်ရေးကတ် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ယာဉ်မောင်းလိုင်စင် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ဝန်ထမ်းကတ် ယူဆောင်လာရမည်၊

(၃) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကိုမဖြစ်မနေတပ်ဆင်လာရမည်၊ အသက်(၆၀)အထက်အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့်နာတာရှည်ရောဂါအခံရှိသူများအနေဖြင့်မျက်နှာအကာ (Face Shield) များကိုပါတွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၄) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို Online Registration (သို့မဟုတ်) Register စာအုပ်တွင် မှတ်တမ်းတင်ထားရှိခြင်း လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၅) ဘုရားဖူးပြည်များအနေဖြင့် COVID-19 ရောဂါကာကွယ် တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၆) ဘုရားသို့စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်)ဘုရားရင်ပြင်နှင့်ထိတွေ့ပြီးသည့်အခါ)နှင့်ဘုရားဖူးပြီး၍ဘုရားမှထွက်သည့်အခါတွင်စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကိုအသုံးပြု၍ လက်ကိုအနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောခြင်း (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး(၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရပါမည်၊

(၇) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင် (သို့မဟုတ်) ဘုရားရင်ပြင်နှင့်ထိတွေ့ပြီးတိုင်း) လက်ကိုစနစ်တကျချက်ခြင်းပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer) ဗူးသေးများယူဆောင်လာ၍အသုံးပြုရမည်၊

(၈) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၉) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တက်ရောက်/ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၁၀) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝ ရှောင်ကြဉ်ရမည်၊

(၁၁) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသောအမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၂) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇)ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့်ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## ၄။ ပုဂံ-ညောင်ဦးရှေးဟောင်းနယ်မြေများရှိဘုရားပုထိုးစေတီများဖူးမြော်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အချက်များ

(၁) ဂေါပကအဖွဲ့က ထိန်းချုပ်စောင့်ရှောက်လျက်ရှိသည့် ပုဂံ-ညောင်ဦးရှေးဟောင်းနယ်မြေများရှိ ဘုရား၊ ပုထိုး၊ စေတီများအနက် ပုထိုးစေတီအဆူ(၂၀)နှင့် စပ်လျဉ်း၍ ခရိုင်စီမံခန့်ခွဲရေးကော်မတီများက စီမံခန့်ခွဲလျက်ရှိသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထက်အပိုဒ်(၃)(က)ပါ ဂေါပကအဖွဲ့များက လိုက်နာဆောင်ရွက်ရမည့် (၃၃)ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၂) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းလက်ရာ ထူးခြားကျန်ရှိမှုအဆင့်-၁ရှိ (၂၅)ဆူအား ၀၉:၀၀ နာရီအချိန်မှ ၁၂:၀၀ နာရီအချိန်ထိလည်းကောင်း၊ ၁၄:၀၀ နာရီအချိန်မှ ၁၇:၀၀ နာရီအချိန်ထိလည်းကောင်း တစ်နေ့(၂)ကြိမ် ဖူးမြော်ခွင့်ပြုနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(ကက) ဖွင့်ချိန်၊ ပိတ်ချိန်နှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

ညွှန်ကြားချက်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရေးဟောင်းအဆောက်အဦ ပရဝုဏ်၏ အဝင်တွင် ဗီနိုင်းဖြင့်ဖော်ပြထားပါမည်။ ဘုရား၊ ပုထိုး၊ စေတီ၏ အကျယ်အဝန်းနှင့် လေဝင်/ထွက်အခြေအနေအရလည်းကောင်း၊ Social Distancing အရလည်းကောင်း တစ်ကြိမ်လျှင် ဝင်ရောက်ခွင့်ပြုမည့်လူဦးရေ *(ရည်ညွှန်း(၃က-၇)အရ)* တို့ကို ဘုရားတစ်ဆူစီရှေ့တွင် ဗီနိုင်းဖြင့် ဖော်ပြထားရှိပါမည်၊ ထို့အပြင် ဆပ်ပြာ၊ ရေနှင့် လက်ဆေးဘေစင်များ လုံလောက်စွာထားရှိခြင်း၊ ပါးစပ်နှင့်နှာ ခေါင်းစည်း (Mask) နှင့် အယ်ကိုဟောလ်အနည်းဆုံး (၆၀%) ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်များ၊ အဖုံးပါသော အမှိုက်ပုံးများထားရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေရာ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ထားပါမည်၊

(ခခ) လူဦးရေကန့်သတ်ချက်အရ ဝင်ရောက်မည့် ပုဂ္ဂိုလ်များအား Online Registration ပြုလုပ်၍ ဝင်ရောက်စေပါမည်၊

(ဂဂ) တစ်နာရီအတွင်း တစ်ကြိမ်ဝင်ရောက်ခွင့်ပြုမည့် ဦးရေ (ရည်ညွှန်း (၃က-၇)အရ)နှင့်ဘုရားဖူးချိန်
တစ်နာရီသာခွင့်ပြုမည်ဖြစ်ကြောင်း ကို ဘုရားပရဝုဏ်အဝင်တွင် ဗီနိုင်းချိတ်ဆွဲဖော်ပြထားပါမည်၊

(ဃဃ) ဘုရားဖူးဝင်ရောက်သူဦးရေကို မှတ်တမ်း(Register)စာအုပ်တွင် ရေးသွင်း၍ ဘုရားဖူးချိန်တစ်ချိန်အတွက် သတ်မှတ်ထားသည့် ဝင်ရောက်ရမည့်သူ ဦးရေပြည့်ပါက ထပ်မံဝင်ရောက်ခြင်းကို ခေတ္တရပ်ဆိုင်းထားရပါမည်၊ လူဦးရေများပြား၍ အကြိမ်အရေအတွက်တိုးပြီး ဆောင်ရွက်ရမည်ဆိုပါက တစ်ကြိမ်နှင့် တစ်ကြိမ်ကြား အနည်းဆုံး တစ်နာရီခြား၍ ဆောင်ရွက်သွားရပါမည်၊

(ငင) ဘုရား(၂၅)ဆူတွင် CCTV များဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး ဝန်ထမ်း(၂)ဦးစီကို နေ့စဉ်အလှည့်ကျ တာဝန်ချထားပါမည်။ ဆက်စပ်ဌာနဆိုင်ရာများ ပါဝင်သောစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြပ်မတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားပါမည်၊

(စစ) ဆောင်ရွက်မည့်အစီအစဉ်များကို ဌာန၏ Website တွင် ထည့်သွင်းဖော်ပြအသိပေးသွားမည်ဖြစ်ပါသည်၊

(၃) ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ယဉ်ကျေးမှုတန်ဖိုးသာမန်ရှိသည့် ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခြင်းနှင့်စပ်လျဉ်း၍ နှစ်(၁၀၀၀)ကျော်ရှိပြီးအစောင့် သီးခြားမရှိဘဲ ဝန်းခြံကာရံထားမှုများမရှိသဖြင့် အချိန်မရွေးဝင်ရောက်ဖူးမြော်နိုင်ပြီး ဘုရားဖူးပြည်သူများလာရောက်လေ့ရှိသော ဘုရား၊ ပုထိုး၊ စေတီအချို့၏ အရှေ့တွင် COVID-19 ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို ဗီနိုင်းများဖြင့် ချိတ်ဆွဲထားရှိခြင်း၊ လက်ဆေးဘေစင်များထားရှိခြင်း၊ Social Distancing သတ်မှတ်ချက်များထားရှိခြင်း၊ တစ်ကြိမ်လျှင် ခွင့်ပြုနိုင်သည့်လူဦးရေကန့်သတ်ချက်များကို ဆောင်ရွက်ထားရှိပါမည်။

## ၅။ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ စဉ်ဆက်မပြတ်ဆန်းစစ်ကြီးကြပ်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်း

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း Stay at Home သတ်မှတ်ထားခြင်းမရှိသည့်မြို့နယ်များရှိ ဘုရား၊ ပုထိုး၊ စေတီများတွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဘုရား၊ ပုထိုး၊ စေတီဂေါပကအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အရေးပေါ်မော်တော်ယာဉ်များ စီစဉ်ထားရှိခြင်း၊

(ခ) လတ်တလောအပူချိန်မြင့်မားသူများတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရေးစီစဉ်ထားရှိခြင်း၊

(ဂ) Mask, Hand Gel, Face Shield နှင့် PPE ဝတ်စုံများ ရရှိစေရေးစီစဉ်ထားခြင်း၊ အရံထားရှိခြင်း၊

(ဃ) ဘုရား၊ ပုထိုး၊ စေတီရင်ပြင်များကို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေဘဲ ပိုးသတ်သန့်စင်ခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ချက်များအားလုံးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊

(စ) လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်ချက်များကိုသက်ဆိုင်ရာလုပ်ငန်းအလိုက်ဆပ်ကော်မတီများဖွဲ့စည်း၍ စဉ်ဆက်မပြတ်ဆန်းစစ်ကြီးကြပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဂေါပကအဖွဲ့နှင့်တာဝန်ရှိသူအဆင့်ဆင့်ထံပုံမှန်တင်ပြ အစီရင်ခံခြင်း။

**၆။ အချိန်ကိုက်စနစ်တကျဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း (synchronized coordination)**

ဘုရားဖူးရဟန်း၊ ရှင်၊ လူ ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် သက်ဆိုင်ရာဂေါပကအဖွဲ့များ၊ မြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များအချင်းချင်းဆက်သွယ်ဆောင်ရွက်မှုများကို အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်ပါမည်-

(က) လက်ကိုင်ဖုန်း၊ တယ်လီဖုန်းတို့ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) အရေးပေါ်အခြေအနေတွင် Viber, Messenger, Fax, E-mail တို့ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) အရေးပေါ်ဆက်သွယ်ဆောင်ရွက်ရမည့် ဖုန်းနံပါတ်များကို ဘုရား၊ ပုထိုး၊ စေတီဝင်းအတွင်းရှိ သက်ဆိုင်ရာဂေါပကအဖွဲ့ရုံးတို့တွင် ရေးသားထားရှိပါမည်-

- (၁) မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊
- (၂) မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊
- (၃) မြို့နယ်မီးသတ်တပ်ဖွဲ့မှူးရုံး၊
- (၄) မြို့နယ်သာသနာရေးမှူးရုံး/မြို့နယ်သာသနာရေးမှူး(လဝက)ရုံး၊
- (၅) မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၊
- (၆) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊
- (၇) မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံး၊
- (၈) ပရဟိတအသင်းအဖွဲ့များ။

**၇။ နိဂုံး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်ပေါင်း(၃၃၀)ကျော်အတွင်းရှိ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များ၌ ဘုရား၊ ပုထိုး၊ စေတီများတွင် ဗုဒ္ဓဘာသာဝင်ရဟန်း၊ ရှင်၊ လူ ပြည်သူအများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ခွင့်ရရှိရေး ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသနိုင်ရေးတို့အတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**(၅-၂-၂၀၂၁)**